**အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် (၁၂ /၂၀၂၁)**

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်**

## ကြေညာလွှာတင်သွင်းသူများ သိရှိနိုင်ပါရန်

၁။ အကောက်ခွန်ဦးစီးဌာနတွင် အသုံးပြုဆောင်ရွက်လျှက်ရှိနေသော MACCS စနစ်အား လုပ်ငန်းလိုအပ်ချက်အပါအဝင် ယခုလက်ရှိအသုံးပြုနေသည့် အခြေအနေထက် ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် MACCS စနစ် အတွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း (System Upgrade) များကို အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၇-၁၁-၂၀၂၁ ရက်နေ့ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် MACCS Terminal Software ၏ သွင်းကုန်ကြေညာလွှာရှိ Other Taxes for each item နှင့်စပ်လျဉ်းသော Error Message များနှင့် ပတ်သက်၍ အဆင့်မြှင့်တင်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ MACCS စနစ်အား အသုံးပြုဆောင်ရွက်လျက်ရှိနေကြသည့် Private User များအနေဖြင့် စနစ်အဆင့်မြှင့်တင်မှု ဆောင်ရွက်ပြီးစီးချိန်၏နောက်ပိုင်းတွင် MACCS Terminal Software အားစတင် အသုံးပြုသည့်အချိန်၌ စနစ်မှ Software Upgrade ပြုလုပ်ရန် လမ်းညွှန်သည့် Box ပေါ်လာမည်ဖြစ်ပြီး OK Button အား Click ပြုလုပ်ပေးရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်မှသာ စနစ်အား အဆင်ပြေချောမွေ့စွာ ဆက်လက်သုံးစွဲ သွားနိုင်မည် ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

အကောက်ခွန်ဦးစီးဌာန